# အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်––

(က) အရေးကြီးသော ကိစ္စရပ်များကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် ဒုတိယ သမ္မတနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။

၃။ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်––

(ခ) အမျိုးသားထောက်လှမ်းရေးအဖွဲ့သည် အစီရင်ခံစာများကို အကျဉ်းချုပ်၍ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် ဒုတိယ သမ္မတနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြရမည်။ လိုအပ်ပါက သက်ဆိုင်သည့် အာဏာပိုင် အဖွဲ့အစည်းသို့သာ ပေးပို့ရမည်။